ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၄) ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဖော်ပြလျက်ရှိသော မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းအတွက် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ ယမ်းတိုက် ယာယီလွှဲပြောင်းသုံးစွဲခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်း များတင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း စံပြုလုပ်ထုံးလုပ်နည်းများ(Standard Operating Procedures-SOP) နှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၆ |
| ၂။ | အာမခံထားသူ၏အများဆုံးလုပ်ခဝင်ငွေနှင့်သားသမီးပညာသင်စရိတ်ခံစားခွင့် နှုန်းထားသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ | ၇-၈ |
| ၃။ | အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ် တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်။ | ၉-၁၁ |
| ၄။ | ကိုယ်ဝန်ဖျက်ချမှုဆိုင်ရာကန့်သတ်ချက်များကို မီချီဂန်တရားသူကြီးက ပယ်ဖျက်ခြင်း။ | ၁၂-၁၃ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၄) ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်

**မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းသုံး ခဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းအတွက် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures- SOP) နှင့်စပ်လျဉ်း၍ သိကောင်းစရာ**

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS) ၌ နိုင်ငံ့ဝန်ထမ်းဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များအသင်းအတွက် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း စံပြုလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures- SOP) တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ် မေလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၂၅ဖြင့်ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းအတွက် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း၊လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း စံပြုလုပ်ထုံးလုပ်နည်းများ(Standard Operating Procedures- SOP) နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ တင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန

များနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်အလို့ငှာရည်ရွယ်၍ ဤစံပြုလုပ်ထုံးလုပ်နည်းကိုထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်ထုတ်လုပ်ခွင့် (ခဲတတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) လျှောက်ထားရာတွင် လျှောက်ထားရယူလိုသူသည် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထား များနှင့်အတူ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်ထုတ်လုပ်ခွင့် (ခဲတတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်)လျှောက်ထားမှုအပေါ် ခွင့်ပြုကြောင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏အကြောင်းကြားစာကိုလက်ခံရရှိပါက လျှောက်ထားသူသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် ထုတ်လုပ်မည့်ကျင်းအရေအတွက်အရ ကျသင့်အခွန်ငွေအား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရန်အတွက် ငွေသွင်းချလံကို သွားရောက်ထုတ်ယူရမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်တွင် ကျသင့်အခွန်ငွေပေးသွင်းပြီးဖြစ်ကြောင်းကို ငွေသွင်းချလံမိတ္တူနှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြပြီးမှသာ ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်ထုတ်လုပ်ခွင့် (ခဲတတ်သတ္တုတူးဖော်စုသိမ်းခွင့် လိုင်စင်)ကို ခရိုင်အုပ်ချုပ်ရေးမှူးက ထုတ်ပေးမည်ဖြစ်ကြောင်း၊ လိုင်စင်သက်တမ်းသည် စတင် ထုတ်ပေးသည့်နေ့မှ နောက်နှစ် ဇွန်လ ၃၀ ရက်နေ့ အထိဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်ထုတ်လုပ်ခွင့် (ခဲတတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) ရရှိသူသည် ယမ်းတိုက်ဆောက်လုပ်ရန်အတွက် အကျဉ်းဦးစီးဌာနလက်အောက်ရှိ ကုန်ထုတ်စခန်း များတည်ရှိရာ မြို့နယ်များအတွင်း၌သာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး ယမ်းတိုက်ဆောက်လုပ် မည့်မြေနေရာအတည်ပြုချက်ရရှိရန် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနမှ တစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲ စေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယမ်းတိုက်ဆောက်လုပ်ပြီးစီးပါက ယမ်းတိုက်လိုင်စင်ရရှိရေးအတွက် အကျဉ်းဦးစီးဌာနသို့ ပြန်လည်

တင်ပြပြီးအကျဉ်းဦးစီးဌာနမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိချုပ်ထံသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများပါပုံစံ(၄)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ ယမ်းတိုက်လိုင်စင်ရရှိပါက စတင်သုံးစွဲသည့်အချိန်မှစ၍ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိများ၏ယမ်းတိုက်စစ်ဆေးခြင်းကို ခံယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရပါသည်။

ယမ်းတိုက်များယာယီလွှဲပြောင်းရယူအသုံးပြုလိုပါက လုပ်ငန်းဆောင်ရွက်လိုသူသည် ကျောက်ထုတ်လုပ်ခွင့်(ဓါတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်)ထုတ်ပေးမည့် သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏သဘောထားထောက်ခံချက်တောင်းခံပြီး သဘောထားထောက်ခံချက်များရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လိုအပ်သည့်စာရွက်စာတမ်းအချက်အလက်များနှင့်အတူ လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းပေးနိုင်ပါရန် မှာယူလိုပါက လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများပါပုံစံ(၁)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းမှာယူရန် ခွင့်ပြုချက်ရရှိပါက လိုအပ်သည့်လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအတွက်ကျသင့်ငွေကို ကာကွယ်ရေးရငွေစာရင်းသို့ပေးသွင်းပြီး လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊

လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းတစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ဆောင်ရွက်လိုလျှင် ငွေပေးသွင်းပြီးကြောင်း ငွေသွင်းချလံမူရင်းနှင့်အတူ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများပါပုံစံ(၂)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သောလုံခြုံရေးအစီအမံများတင်ပြတောင်းခံရရှိပြီးမှ အကျဉ်းဦးစီးဌာနကတာဝန်ပေးအပ်သည့် ကိုယ်စားလှယ်အရာရှိနှင့်ခွင့်ပြုချက်ရရှိသူက တာဝန်ပေးအပ်သည့်ပစ္စည်းထုတ်ယူမည့်ကိုယ်စားလှယ်တို့သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများအား သတ်မှတ်ရက်အတိုင်းထုတ်ယူ၍ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာယမ်းတိုက်များသို့ သယ်ယူရမည်ဖြစ်ကြောင်း၊ ယမ်းတိုက်လိုင်စင်ရရှိသူသည် သက်ဆိုင်ရာယမ်းတိုက်မှ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကိုထည့်သွင်းထားသိုခြင်းနှင့် ထုတ်ပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ခံတစ်ဦးနှင့် ဒုတိယတာဝန်ခံတစ်ဦးထားရှိ တာဝန်ပေးအပ်ပြီး ကျောက်ထုတ်လုပ်ငန်းခွင်သို့ထုတ်ယူအသုံးပြုလိုပါက ထုတ်လုပ်မည့်ကျောက်ကျင်းအရေအတွက်ပေါ်မူတည်ပြီး အသုံးပြုရန် လိုအပ်သည့်အရေအတွက်ကို ထုတ်လုပ်မှုစံနှုန်း၊ လွှန်ပေနှင့်တကွ ထုတ်ယူတောင်းခံမှုကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများပါပုံစံ(၇)ဖြင့် အကျဉ်းဦးစီးဌာနကတာဝန်ပေးအပ်သည့် သက်ဆိုင်ရာကုန်ထုတ်စခန်း(ကျောက်ထုတ်စခန်း)တာဝန်ခံထံ တင်ပြတောင်းခံရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်စခန်းတာဝန်ခံက အပိုဒ် ၃၂ အရ တောင်းခံချက်အပေါ်ခွင့်ပြုပြီး တာဝန်ပေးအပ်မည့်ကြီးကြပ်သူအရာရှိတစ်ဦးနှင့် ယမ်းတိုက်လိုင်စင်ရရှိသူက တာဝန်ပေးအပ်သောတာဝန်ခံတို့လိုက်ပါ၍ သက်ဆိုင်ရာတပ်ရင်းဝင်းအတွင်းရှိ ယမ်းတိုက်လိုင်စင်ရရှိသူပိုင် ယမ်းတိုက်မှ

ထုတ်ယူရမည်ဖြစ်ကြောင်း၊ ကျောက်ထုတ်လုပ်ငန်းခွင်၌ ယမ်းတပ်ဆင်ဖောက်ခွဲရာတွင် ကြီးကြပ်ရန် သက်ဆိုင်ရာကုန်ထုတ်စခန်းတာဝန်ခံက တာဝန်ပေးအပ်သည့်အရာရှိတစ်ဦး လိုက်ပါရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တပ်ရင်းများကသတ်မှတ်ပေးသည့်အချိန်၊ သတ်မှတ်ထားသည့်နေ့ရက်များတွင် ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ ကျောက်ထုတ်လုပ်ငန်းခွင်အတွင်းယမ်းဖောက်ခွဲရန် ထုတ်ယူထားသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများပိုနေပါက သက်ဆိုင်ရာယမ်းတိုက်အတွင်း တာဝန်ပေးအပ်သည့်တာဝန်ခံထံ စနစ်တကျ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကိုခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ လိုင်စင်ရရှိသည့်ယမ်းတိုက်၌ သိုလှောင်ထားရှိသော လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကို ခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ(၈)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံးခွဲကျောက်ထုတ်လုပ်ရောင်းချသူလုပ်ငန်းရှင်များအသင်းအတွက် ယမ်းတိုက်ဆောက်လုပ်ခြင်း၊ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း၊ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများတင်သွင်းပေးနိုင်ပါရန် မှာယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်းစံပြုလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## အာမခံထားသူ၏အများဆုံးလုပ်ခဝင်ငွေနှင့် သားသမီးပညာသင်စရိတ်ခံစားခွင့် နှုန်းထားသတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ခ)ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၅ အရ အာမခံထားသူ၏အများဆုံးလုပ်ခဝင်ငွေနှင့်သားသမီးပညာသင်စရိတ်ခံစားခွင့်နှုန်းထားသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ၁၆-၅-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ကို ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ အာမခံထားသူသည် သားသမီးပညာသင်စရိတ်ကို သက်ဆိုင်ရာပညာသင်နှစ်စတင်ပြီး သုံးလအတွင်း အလုပ်ရှင်မှတစ်ဆင့် လူမှုဖူလုံရေးနည်းဥပဒေများ နည်းဥပဒေ ၁၃၂(ခ)တွင် သတ်မှတ်သည့်အထောက်အထားများနှင့်အတူ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးအဖွဲ့သို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးရန်ပုံငွေသို့ အနည်းဆုံး ၃၆ လ ထည့်ဝင်ကြေးပေးသွင်းထားသည့် အာမခံထားသူ၏သားသမီးများသည် နိုင်ငံပိုင်ကျောင်းများတွင် ဖြစ်စေ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသောကျောင်းများတွင်ဖြစ်စေ အချိန်ပြည့်ပညာသင်ကြား နေလျှင် ၎င်းတို့၏ပညာသင်စရိတ်ခံစားခွင့်ရရှိရန် အာမခံထားသူ၏အများဆုံးလုပ်ခဝင်ငွေကို ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်းတိတိ)သတ်မှတ်ပြီး ယင်းအများဆုံးလုပ်ခဝင်ငွေပမာဏပေါ်မူတည်၍ ပညာသင် စရိတ်ကိုမူလတန်းပညာသင်သားသမီးတစ်ဦးအတွက် ၁၀ရာခိုင်နှုန်း(ကျပ်သုံးသောင်းတိတိ)၊ အလယ်တန်း ပညာသင်သားသမီးတစ်ဦးအတွက် ၁၅ရာခိုင်နှုန်း(ကျပ်လေးသောင်းငါးထောင်တိတိ)၊ အထက်တန်း ပညာသင်သားသမီးတစ်ဦးအတွက် ၂၀ ရာခိုင်နှုန်း (ကျပ်ခြောက်သောင်းတိတိ)နှင့် တက္ကသိုလ်ပညာသင် သားသမီးတစ်ဦးအတွက် ၂၅ ရာခိုင်နှုန်း (ကျပ်ခုနစ်သောင်းငါးထောင်တိတိ)တို့ ခံစားခွင့်ပြုကြောင်း သိရှိရပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၁၄) ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်

ယင်းအမိန့်ကြော်ငြာစာသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : လူမှုဖူလုံရေးအဖွဲ့

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၄) ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်

## အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှလျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကိုအထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ(Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းအတွက် လိုက်နာရမည့်စည်းကမ်းချက်များကို ၂၉-၅-၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှလျှပ်စစ်သုံးယာဉ်တင်သွင်းရာတွင် အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ် တင်သွင်းမည့်ကုမ္ပဏီသည် လျှပ်စစ်သုံးမော်တော်ယာဉ်အရောင်းပြခန်း ဖွင့်လှစ်ခွင့်မှတ်ပုံတင်လက်မှတ် ရရှိပြီးဖြစ်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် အမျိုးသားအဆင့် လျှပ်စစ် သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့်အစီးအရေအတွက်ကိုသာ တင်သွင်းရမည်ဖြစ်ကြောင်း၊ လျှပ်စစ် သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် တင်သွင်းမည့်လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ(Spare Parts) ရရှိနိုင်မှုနှင့် ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After-Sale Service) ကို ဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီသည် မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသား နှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ရမည်ဖြစ်ကြောင်း၊ တင်သွင်းမည့်လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ်(Brand)တစ်ခုစီအတွက် ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး(Regional Office) မှဖြစ်စေ လျှပ်စစ်သုံးမော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ် (Distributorship)

သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့်ကုမ္ပဏီ ဖြစ်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုမိန့်နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလိုင်စင်ရရှိပြီးသူဖြစ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးသည့်အခွန်ကင်းရှင်းကြောင်း အထောက်အထားတင်ပြရ မည်ဖြစ်ကြောင်း၊ အရောင်းပြခန်းဖွင့်လှစ်မည့်နေရာ၊ အဆောက်အဦ၊ သိုလှောင်ရုံတို့ကို ရွေးချယ် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန် သောစံနှုန်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ် အရောင်းပြခန်း၏အကျယ်အဝန်းနှင့် သိုလှောင်ရုံ၏အကျယ်အဝန်းတို့သည် ပူးတွဲပါသတ်မှတ်ချက် အတိုင်းဖြစ်ရမည်ဖြစ်ကြောင်း၊ အရောင်းပြခန်းနှင့်သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ်မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည် ဖြစ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချမည့်ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာကျပ်ငွေသိန်း ၅၀၀ ပေးသွင်းထားကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်ဖြစ်ကြောင်းသိရှိရပြီး ပူးတွဲပါလျှပ်စစ်သုံးယာဉ်အရောင်းပြခန်းဖွင့်လှစ် နိုင်ရေးအနိမ့်ဆုံးစံသတ်မှတ်ချက်တွင် မြေအကျယ်အဝန်းသည် ၁၀,၀၀၀စတုရန်းပေ (အရောင်းပြခန်းနှင့် Service Center ဧရိယာနှင့် ဧည့်နားနေခန်း၏စုစုပေါင်းဧရိယာသည် ၅,၀၀၀ စတုရန်းပေ ရှိရမည်။) ရှိရမည်ဖြစ်ပြီး သိုလှောင်ရုံသည် ၅,၀၀၀ စတုရန်းပေ (အမိုး၊ အကာတည်ဆောက်ပြီးဖြစ်ရမည်။ သိုလှောင်ရုံအတွင်းရှိ ပစ္စည်းများ ရှင်းလင်းပြီးဖြစ်ရမည်။) ရှိရမည်ဖြစ်ကြောင်း၊ အရောင်းပြခန်း အင်္ဂါရပ်သည် ခေတ်မီသည့် ရှေ့မျက်နှာစာနှင့်ဘေးမှန်ခန်းဖြစ်ရမည်ဖြစ်ပြီး နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီရမည် ဖြစ်ကြောင်း၊ ဆိုင်းဘုတ်သည် ၅၀စတုရန်းပေ (Distributor/Dealer အဖြစ် ခန့်အပ်ခံရသည့်ယာဉ်၏ အမှတ်တံဆိပ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီတပ်ဆင်ရမည်။)ရှိရမည်ဖြစ်ကြောင်း၊ လမ်းနှင့်အကွာအဝေး သည် ၁၂ပေရှိရမည်ဖြစ်ပြီး လူနေထိုင်ခြင်းမရှိသည့် အဆောက်အဦတွင်သာ ဖွင့်လှစ်ခွင့်ပြုကြောင်း၊ အရောင်းပြခန်းနှင့်သိုလှောင်ရုံနေရာသည် တစ်ဆက်တည်းဖြစ်နေသော်လည်း မြေအကျယ်အဝန်း

စံနှုန်းကိုက်ညီမှုရှိပါက ဖွင့်လှစ်ခွင့်ပြုကြောင်း၊ မြေနေရာရရှိမှုအပေါ် မူတည်၍ မြေအကျယ်အဝန်း သတ်မှတ်ချက်ကို ၁၀ ရာခိုင်နှုန်း ဖြေလျှော့ဆောင်ရွက်ခွင့်ပြုကြောင်း သိရှိရပါသည်။

အမိန့်ကြော်ငြာစာပါလျှပ်စစ်သုံးယာဉ်ဟူသောစကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့အကျုံးဝင်ပြီး ဘက်ထရီသုံးလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) ယာဉ်များသာဖြစ်ရမည်ဖြစ်ကြောင်းနှင့် ယင်းအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၄) ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်

## ကိုယ်ဝန်ဖျက်ချမှုဆိုင်ရာ ကန့်သတ်ချက်များကို မီချီဂန်တရားသူကြီးက ပယ်ဖျက်ခြင်း

အမေရိကန်နိုင်ငံ၊ မီချီဂန်ပြည်နယ်တွင် ကိုယ်ဝန်ဖျက်ချရာ၌ ၂၄ နာရီ စောင့်ဆိုင်းခြင်း အပါအဝင် ကန့်သတ်ချက် ၃ ခုကို ယင်းပြည်နယ်တရားသူကြီး Sima Patel က ပယ်ဖျက်လိုက်သည်။ ကိုယ်ဝန်ဖျက်ချရာတွင် လိုက်နာရန်သတ်မှတ်ထားသော အဆိုပါကန့်သတ်ချက်များသည် ကိုယ်ဝန်ဖျက်ချခြင်းဆိုင်ရာစောင့်ရှောက်မှုရယူလိုသော လူတစ်ဦးချင်းစီ၏လွတ်လပ်စွာမျိုးပွားခွင့်ကို "ငြင်းပယ်ခြင်း၊ ဝန်ပိုစေခြင်းနှင့် ချိုးဖောက်ခြင်းတို့ဖြစ်ပေါ်စေကြောင်း" တရားရုံးက အမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ ထို့ပြင် ယင်းကန့်သတ်ချက်များသည် ပြည်နယ်အကျိုးစီးပွားကိုလည်းကောင်း၊ လူနာ၏ကျန်းမာရေး ကာကွယ်မှုကိုလည်းကောင်း တစ်စုံတစ်ရာဖြစ်ထွန်းစေခြင်းမရှိကြောင်း တရားရုံးက သုံးသပ်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် မဲခွဲအတည်ပြုခဲ့သော လွတ်လပ်စွာမျိုးပွားခွင့်ဆိုင်ရာဥပဒေ (Reproductive Freedom For All Act) အရ ဥပဒေပါပြဋ္ဌာန်းချက်များသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိစေရန် ကန့်သတ်ချက် ၃ ခု ကျန်ရှိနေသေးခြင်းဖြစ်ပြီး မီချီဂန်ဥပဒေအရ ကိုယ်ဝန်ဖျက်ချမည့် လူနာများသည် ယင်းတို့၏သဘောတူညီမှုကိုလျှောက်လွှာပုံစံဖြင့် တစ်ပြေးညီလျှောက်ထားရန် လိုအပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်သူများက လူနာများအား အကြံပေးရှင်းလင်းမှုများပြုလုပ်ခြင်း နှင့် ကိုယ်ဝန်ဖျက်ချခြင်းမပြုမီ ၂၄ နာရီစောင့်ဆိုင်းမှုပြုရခြင်းတို့အပြင် ကိုယ်ဝန်ဖျက်ချမှုအား စောင့်ရှောက်မှုပြုရာ၌ လိုင်စင်ရရှိသည့်ဆရာဝန်များကသာ ဆောင်ရွက်ခွင့်ရှိပြီး လက်မှတ်ရသူနာပြု၊ ဝမ်းဆွဲသည်၊ အကူလက်ထောက်ဆရာဝန်စသည့် အရည်အချင်းပြည့်ပြီးဖြစ်သော ကျန်းမာရေးစောင့်ရှောက်ပေးနေသူ ပုဂ္ဂိုလ်များအား တားမြစ်ထားခြင်းတို့ကြောင့် "သူတစ်ဦး၏ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များအား ထိုသူကိုယ်တိုင်ဆုံးဖြတ်ခွင့်ရှိစေသည့်" ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးကို ယခုဥပဒေက ချိုးဖောက်သည်ဟုသတ်မှတ်၍ ယင်းကန့်သတ်ချက် ၃ မျိုးကို အတည်ပြုဆောင်ရွက်ခြင်းအား ရာသက်ပန် ပိတ်ပင်တားမြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/05/michigan-judge-strikes-down-abortion-restrictions/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

